# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၃၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၆ - ၁၀ - ၂၀၁၁ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရန်ကုန် - မန္တလေးမြို့ကြီးများသို့ ပြေးဆွဲလျှက်ရှိသည့် မြန်မာ့မီးရထားမှ အမြန်ရထားများ နေ့အခါ ပြေးဆွဲခြင်းအစား ယခင်ကာလကဲ့သို့ ညပိုင်းတွင် ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **CNG သုံးစွဲခွင့် အသစ်ထပ်မံလျှောက်ထားခြင်းများ ရပ်ဆိုင်းထား၍ မည်သည့်အချိန်တွင် ပြန်လည်ခွင့်ပြုမည်ကို သိလိုပါကြောင်း** နှင့် **ယာဉ်အို၊ ယာဉ်ဟောင်းများ အပ်နှံ၍ အစားထိုးရရှိသော ယာဉ်အသစ်များတွင် CNG အိုးများကို ပြန်လည် အသုံးပြုခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နေပြည်တော်နှင့်ရန်ကုန် စသောမြို့ကြီးများ၌ ငွေစက္ကူအကြွေ(ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်)များ လုံလောက်အောင် လဲလှယ်ပေးခဲ့သဖြင့် အများ ပြည်သူများ အဆင်ပြေရသကဲ့သို့ နယ်မြို့များရှိ ပြည်သူများ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေ ချောမွေ့နိုင်စေရေးအတွက် အလားတူ ငွေစက္ကူအကြွေသစ်များအား လုံလောက်စွာ လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြု ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော လယ်ယာမြေ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၉။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **အများပြည်သူသုံး ရေပေးဝေရေးလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ် သို့မဟုတ် ဖက်စပ်စနစ်တစ်ခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန် အတွက် လိုအပ်သော စည်းမျဉ်းဥပဒေတစ်ရပ် ထုတ်ပြန်ပေးရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့်အခွန်အကောက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌက ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းသည့် **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်စေရေးဆောင်ရွက်ရန်** အဆို နှင့် စပ်လျဉ်း၍ ကော်မတီ၏ ကြားနာသုံးသပ်မှု အစီရင်ခံစာ တင်ပြခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။